## တွေ့ဆုံဆွေးနွေးရေးကို အလေးအနက်ထားရန် ဗြိတိန်နှင့် ပြင်သစ်ခေါင်းဆောင်များ စစ်အစိုးရကိုတိုက်တွန်း

## ၂ ဒီဇင်ဘာ ၂၀၀၇

မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စစ်အစိုးရက စစ်မှန်တဲ့ဆွေးနွေးပွဲတွေလုပ်ဖို့ ဗြိတိန်ဝန်ကြီးချုပ် Gordon Brown နဲ့ ပြင်သစ် သမ္မတ Nicolas Sarkozy တို့က တိုက်တွန်းလိုက်ပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှဒေသတွင်းမှာ ချိန်ဆုတ်ယုတ်နေတဲ့ နိုင်ငံတခုဖြစ်တဲ့အကြောင်း International Herald Tribune သတင်းစာမှာ ရေးသားထားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း လူသားချင်း စာနာထောက်ထားမှု အနေအထားတွေဟာ တဖြေးဖြေးပိုပြီး ဆုတ်ယုတ်လာတယ်လို့ ပြောပါတယ်။ ဆောင်းပါးပါ ဖော်ပြချက်တွေကို ဦးသိန်းထိုက်ဦး နဲ့ ဒေါ်အေးသန္တာကျော်တို့က တင်ပြထားပါတယ်။

ပြီးခဲ့တဲ့ နှစ်လကပဲ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းတဲ့ ဆန္ဒပြပွဲတွေကို အကြမ်းဖက် နှိမ်နင်းခဲ့တာကြောင့် တကမ္ဘာလုံး အံ့သြတုန်လှုပ်ခဲ့ရပါတယ်တဲ့။ ဒီလို အကြမ်းဖက်နှိမ်နင်းခဲ့တဲ့ ရုပ်ပုံတွေကို မေ့ကောင်းမေ့လိုရရင်တောင်မှ မြန်မာပြည်သူတွေ ရင်ဆိုင်နေရတဲ့ အကြပ်အတည်းတွေကို မေ့ပျောက်လို့ ရမှာမဟုတ်ပါဘူးဆိုပြီး ဗြိတိန်ဝန်ကြီးချုပ်နဲ့ ပြင်သစ်သမ္မတတို့က စပြီးတော့ ရေးထားတာပါ။

သဘာဝအရင်းအမြစ်တွေ ပေါကြွယ်ဝတဲ့ မြန်မာနိုင်ငံက အခုတော့ ဒေသတွင်းမှာ စီးပွားရေးအရေ ချိန့်နေတဲ့ နိုင်ငံတခုဖြစ်နေတယ်တဲ့။ ဒေသတွင်းနိုင်ငံတွေက ဒီဂျစ်တယ်ခေတ်၊ ခေတ်မီအောင်ရှေ့ဆက်သွားနေကြချိန်မှာ မြန်မာနိုင်ငံကတော့ အမှောင်ခေတ်ကို ပြန်ဆင်းနေတယ်လို့လည်း ရေးထားပါသေးတယ်။

ဒါ့အပြင် ပြင်ပကမ္ဘာနဲ့ အဆက်အသွယ်ဖြတ်တောက်ပြီး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေကို မျက်ကွယ်ပြုနေရုံတင်မဟုတ်ဘဲ မှန်ကန်သင့်တော်တဲ့ ပညာရေးစနစ် မရှိတာ၊ အခြေခံ စီးပွားရေး အခွင့်အရေးတွေ ဆုံးရှုံးနေတာတွေ၊ မြန်မာပြည်ရဲ့ လူ့အဖွဲ့အစည်းတွေဟာ ပြိုကွဲ ကစင့်ကလျားဖြစ်နေတယ်လို့ ဆိုသေးပါတယ်။

ဒါ့အပြင် မကြာသေးခင်လပိုင်းတွေအတွင်းက မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ ဆန္ဒပြပွဲတွေက မြန်မာပြည်သူတွေအနေနဲ့ သူတို့အပေါ် စစ်အစိုးရ ကန့်သတ်ပိတ်ပင်ထားတဲ့ နယ်နမိတ်ကို ကျော်ပြီး မဖြစ်မနေ ဆန့်ကျင်လာအောင် တွန်းအားပေးခံနေရပြီဆိုတာ ပြသလိုက်တာပါပဲတဲ့။

ပြီးခဲ့တဲ့ သတင်းပတ်တုန်းကပဲ စင်္ကာပူမှာ မျိုးဆက်သစ်ခေါင်းဆောင်တွေ စုစည်းခဲ့ကြတယ်။ အာစီယံ နှစ်လေးဆယ် သမိုင်းဝင် အခါသမယကို ကြိုဆိုပါတယ်တဲ့။ အာစီယံဟာ ဒီနေ့ ကမ္ဘာ့စီးပွားရေးမှာ ချမ်းသာကြွယ်ဝပြီး ဂုဏ်ယူရတဲ့ ကိုယ်စားပြု အဖွဲ့တခုဖြစ်လာတယ်။ နောက် အာစီယံရဲ့ သဘောထားအမြင်တွေကိုလည်း နိုင်ငံတကာက တလေးတစား နားထောင် နေရပါပြီတဲ့။

အာစီယံအနေနဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကိုလိုက်နာဘို့ ပဋိညာဉ်စာတမ်းရေးဆွဲရေးနဲ့တချိန်တည်းမှာ မြန်မာ့အရေးကိုင်တွယ်ရတဲ့ စိန်ခေါ်မှုတွေကို တပြိုင်နက်တည်း ရင်ဆိုင်နေတယ်တဲ့။ မြန်မာစစ်အစိုးအစိုးရလည်း ဒီ ပဋိညာဉ်စာတမ်းကို လိုက်နာမှာပါ။ နောက်မဆုတ်ဘူးလို့ ပြောတာကိုတော့ သဘောတူပါတယ်ဆိုပြီး ဆက်ရေးထားတယ်။

မြန်မာပြည်ဟာ ဆင်းရဲမွဲတေမှုနဲ့ မတည်ငြိမ်မှုတွေကြား အောက်ကို ဇောက်ထိုး ဆင်းနေတဲ့ နိုင်ငံတခုဆိုတာ အထင်အရှားပါပဲတဲ့။ ဥရောပအဖွဲ့ဝင်နိုင်ငံတွေလို အာစီယံ ဘက်က အမြဲတမ်းနားလည်ထားတာက ဈေးကွက်စီးပွားရေး လမ်းဖွင့်ဖို့ စီးပွားရေး တိုးတက်ကြီးပွားဖို့ ဆိုတာ အထီးကျန် ရပ်တည်လို့ မရပါဘူး။

စီးပွားရေးစနစ်ကောင်းဖို့ဆိုတာ ကောင်းမွန်တဲ့ နိုင်ငံရေးစနစ်ကို အခြေခံတည်ဆောက်ရတာပါ။ ဒါပေမဲ့ မြန်မာပြည်ဟာ နိုင်ငံရေးအရ အဆိပ်သင့်နေပြီး ဒေသတွင်း ကျန်းမာရေးကို ကျယ်ကျယ်ပြန့်ပြန့် မရိုက်ခတ်ခင် အရေးပေါ် ကုသဖို့လိုနေပါပြီတဲ့။

နိုဘယ်ငြိမ်းချမ်းရေးဆုရှင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ထုန်ပြန်ခဲ့တဲ့ ပြန်လည်သင့်မြတ်ရေး အတွက် အကောင်းဘက်ကို ဦးတည်တဲ့ ကြေညာချက်ကို ကြိုဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က စစ်အစိုးရနဲ့ အဓိပ္ပါယ်ပြည့်ဝတဲ့ အချိန်အတိုင်းအတာ သတ်မှတ်ချက်နဲ့ အကောင်အထည်ဖေါ်တဲ့ တွေ့ဆုံဆွေးနွေးရေး အကောင်အထည်ဖေါ်နိုင်ဖို့ ဆန္ဒရှိတယ်ဆိုတာကို အချက်ပြလိုက်တာပါ။ ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍကို တိုးမြှင့်နိုင်ဖို့ လိုတယ်ဆိုတာကိုရော၊ တိုင်းရင်းသား လူမျိုးစုတွေအပါအဝင် နိုင်ငံရေးအင်အားစုတွေ အားလုံးနဲ့ ထိတွေ့ဆက်ဆံဘို့ လိုအပ်တယ်ဆိုတာကိုရော ဒေါ်အောင်ဆန်း စုကြည် က အလေးအနက်ဖော်ပြပါတယ်။ ဒါတွေဟာ ကြိုဆိုရမယ့် ခြေလှမ်းတွေ ဖြစ်ပါတယ်တဲ့။

ဒီအချိန်ဟာ မြန်မာစစ်အစိုးရဘက်က စစ်မှန်တဲ့ ဆွေးနွေးပွဲတွေ စတင်လုပ်ဆောင်ရမယ့် အချိန်ပါ။ ဒေါ်အောင်ဆန်း စုကြည်အပေါ် ကန့်သတ်ပိတ်ပင်တာတွေ အားလုံးကို ရုတ်သိမ်းပေးရမယ်။ မစ္စတာ အီဘရာဟင် ဂမ်ဘာရီနဲ့ ကန့်သတ် ပိတ်ပင်မှုမရှိဘဲ တွေ့ဆုံနိုင်ခွင့်ရှိရမယ်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးသူ ပါမောက္ခ ပေါ်လို ဆာဂျီယို ပင်ညဲရိုးရဲ့ အဆိုပြုချက်တွေကို အလေးထားလိုက်နာဘို့ လိုသလို၊ ဒေါ်အောင်ဆန်းစုကြည်လို အခြား တိုင်းရင်းသား ခေါင်းဆောင်တွေ၊ အတိုက်အခံအင်အားစုတွေနဲ့ လှိုက်လှိုက်လှဲလှဲ တကယ့်ကို ဆွေးနွေးရမယ့်အချိန် ရောက်နေပြီလို့ ပြောပါတယ်။

စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ နိုင်ငံရေးအပြောင်းအလဲတွေအတွက် ဦးတည်ချက်ထားရပါလိမ့်မယ်တဲ့။ ဒီလို သင့်မြတ်ရေးလုပ်ငန်းစဉ်တွေဟာ မြန်မြန်ဆန်ဆန်နဲ့ ရှုတ်ထွေးမှုမရှိပဲ ရိုးရိုးလေးပြီးသွားမယ်ဆိုတာမျိုးကို ဘယ်သူမှ မျှော်လင့်လို့ မရပါဘူး။

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးစုတွေ၊ ဘာသာရေးနဲ့ ယဉ်ကျေးမှုပေါင်းစုံ ရောယှက်နေတဲ့ မတူညီမှုတွေနဲ့ ရောထွေးနေတဲ့နေရာဖြစ်ပါတယ်။ ပြန်လည်သင့်မြတ်ရေးဖြစ်စဉ်တွေက ကျယ်ပြန့်ပြီးတော့ အားလုံး ပါဝင်နိုင်ရမယ်။ မြန်မာ နိုင်ငံရဲ့ အဓိက နိုင်ငံရေးနဲ့ တိုင်းရင်းသားလူမျိုးစုတွေ ပါဝင်ပြီးတော့ ရေရှည်တည်တန့်တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက် နိုင်ဖို့ သတိထားပြီး လုပ်ကိုင်ဖို့လိုတယ်လို့လည်း ရေးပါတယ်။

အိမ်နီးချင်းနိုင်ငံတွေကလည်း ဒီလို ပြန်လည်သင့်မြတ်ရေး လုပ်ငန်းဆောင်ရွက်တာတွေကို ထောက်ခံထားတယ်။ မြန်မာနိုင်ငံမှာ စစ်အာဏာရှင်စနစ်ကို ချုပ်ငြိမ်းအောင်လုပ်တယ်ဆိုရင်တောင်၊ စစ်တပ်ရဲ့ အခန်းကဏ္ဍကို ပစ်ပယ်တာ မဟုတ်ပါဘူး။ စစ်တပ်က အနာဂတ် အစိုးရဖွဲ့စည်းတဲ့အခါ အရေးကြီးတဲ့ အခန်းကဏ္ဍက ပါရမယ်။ ဒါကိုလည်း ဒေါ်အောင်ဆန်း စုကြည်ကိုယ်တိုင် အသိအမှတ်ပြုထားပြီးသားပါလို့ ရေးတယ်။

နောက် မြန်မာနိုင်ငံထဲမှာ လူသားချင်းစာနာထောက်ထားမှု အခြေအနေဆိုးဝါးဆုံးရင်ဆိုင်နေရတယ်။ ဒါကြောင့်လည်း နိုင်ငံတကာ အသိုင်းအဝိုင်း၊ အထူးသဖြင့် ဥရောပ အဖွဲ့ဝင်နိုင်ငံတွေအနေနေနဲ့ မြန်မာနိုင်ငံမှာ အမှန်တကယ် အကူအညီ လိုအပ်နေတဲ့ သူတွေဆီကို အကူအညီတွေ တိုးပြီးပေးနေပါတယ်။ တချိန်တည်းမှာ ဥရောပအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မြန်မာ စစ်အစိုးရကို အရေးယူ ပိတ်ဆို့မှုတွေ လက်ရှိအနေအထားထက် တိုးပြီး လုပ်သွားဖို့လည်း ဆုံးဖြတ်ထားတယ်။ ဒါက စစ်အစိုးရကို သတ်မှတ်ချက်တွေနဲ့အညီ လိုက်ပြီး ဆောင်ရွက်ဖို့ ဒါဟာ နိုင်ငံရေးအရ ပြင်းပြင်းထန်ထန် အကြောင်းကြား လိုက်တာလို့လည်း ဆက်ရေးထားသေးတယ်။

ဥရောပ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ဒီလို အရေးယူထားပေမယ်လို့ မြန်မာနိုင်ငံမှာ အခု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေး မစ္စတာ အီဘရာဟင် ဂမ်ဘာရီရဲ့ ကြားဝင်ဆောင်ရွက်မှုတွေ တိုးတက်လာမယ်။ တိုးတက်မှုအနေအထားတွေ

ရှိလာမယ်ဆိုရင် ကန့်သတ်ချက်တွေကို ပြန်ပြီးတော့ သုံးသပ်တာ၊ ပြင်ဆင်တာတွေလုပ်ဖို့လည်း ရှင်းရှင်းလင်းလင်း ပြောဆိုထားပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ဆုပေး၊ ဒဏ်ပေးစနစ်ကို ကျင့်သုံးတာကပဲ အကောင်းဘက်ကို ဦးတည်တဲ့ အပြောင်းအလဲတွေအတွက် တိုက်တွန်းနိုင်မယ်လို့ ယုံကြည်တဲ့အကြောင်းလည်း ရေးထားတယ်။ ကန့်သတ်ပိတ်ပင်တာတွေ လုပ်တာ၊ နောက်သတ်မှတ်ချက်တွေနဲ့ တောင်းဆို အရေးယူတာမျိုးတွေ လုပ်တဲ့ တချိန်တည်းမှာ တဖက်က စီးပွားရေးအရ ပြည့်စုံတဲ့ အစပျိုးလုပ်ကိုင်ပေးတာမျိုး ကမ်းလှမ်းတာတွေ လုပ်ဖို့လိုတယ်လို့လည်း ရေးထားပါသေးတယ်။

ဒါပေမဲ့လည်းတဲ့ ဒီလို ကမ်းလှမ်းတာမျိုး စီးပွားရေးအရ ကူညီတာတွေက မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အစိုးရသစ်ဖွဲ့စည်းနိုင်ရေးအတွက် စစ်မှန်တဲ့ ပြောင်းလဲမှုတွေဆီ ဦးတည်မှပဲ ဒီလို ကူညီကမ်းလှမ်းတာတွေ လုပ်မယ်လို့ ရေးထားပါတယ်။

နှစ်ပေါင်းကြာရှည် ဒုက္ခသောကတွေ ခံစားနေရတဲ့ မြန်မာပြည်သူတွေ၊ ဒုက္ခသည်ပြဿနာတွေနဲ့ နယ်ခြားကနေမူးယစ်ဆေးရောင်းဝယ်မှုကြောင့် မတည်ငြိမ်မှုတွေ ဒဏ်ကို နှစ်ရှည်ခံလာရတဲ့ အိမ်နီးချင်းနိုင်ငံတွေရမယ့် ဆုကတော့ မြန်မာပြည်ဟာ တည်ငြိမ်ပြီး ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတခုဖြစ်လာမယ်။ ဒေသတွင်း စီးပွားရေး ပေါင်းစပ်လာနိုင်မယ့် အလားအလာရှိတဲ့ နိုင်ငံတခုဖြစ်လာမယ်ဆိုတာပါပဲတဲ့။

ဒါပေမယ့် ဒီလို မျှော်မှန်းတဲ့ ဆုကို ရဖို့ဆိုရင် နိုင်ငံတကာအသိုင်းအဝိုင်းက ထိတွေ့ဆက်ဆံမှုတွေနဲ့ အမှန်တကယ်တွန်းတွန်းတိုက်တိုက် ဆက်လက်ဆောင်ရွက်ကြဖို့လိုပါတယ်။ လွှတ်လပ်ရေးရခဲ့တာ နှစ်(၆၀) ပြည့်တော့မယ့် မြန်မာနိုင်ငံက မြန်မာပြည်သူတွေနဲ့အတူ ဆက်ပြီးတော့ လက်တွဲရပ်တည်သွားမယ်လို့ ဆောင်းပါးမှာ ဆက်ပြီးရေးထားပါတယ်။

၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနဲ့ ပြန်လည်သင့်မြတ်ရေးကို ထူထောင်နိုင်မယ်လို့ မျှော်လင့်တဲ့အကြောင်း ရေးထားတာပါ။